# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## ဇုန်(ဘီ)အပိုင်း၄မှစီမံကိန်းကြောင့်ထိခိုက်သူများနှင့်မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်အကြောင်းအလုပ်ရုံဆွေးနွေးပွဲ (၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်)





၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျောက်တန်းမြို့နယ် အေးမြသီတာရပ်ကွက်၌ဇုန်(ဘီ)အပိုင်း(၄)မှစီမံကိန်းကြောင့်ထိခိုက်သူများနှင့်မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်(IRP)အကြောင်းအလုပ်ရုံဆွေးနွေးပွဲကိုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက်များအားလိုက်နာကာပြုလုပ်ကျင်းပခဲ့ပါသည်။ဆွေးနွေးပွဲသို့အပိုင်း(၄)မှပြောင်းရွှေ့နေရာချထားခံရသောအိမ်ထောင်စုများ၊ပြောင်းရွှေ့ရန်ကျန်ရှိနေသည့်အိမ်ထောင်စုများနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့တက်ရောက်ခဲ့ကြပါသည်။ဆွေးနွေးပွဲတွင်မူလဝင်ငွေပြန်လည်ရရှိရေး(IRP)နှင့်သက်ဆိုင်သည့်အဓိကလုပ်ဆောင်ချက်များကိုတက်ရောက်လာသူများအားအသေးစိတ်မိတ်ဆက်ရှင်းလင်းခဲ့ပါသည်။ထို့နောက်ဇုန်(ဘီ)အပိုင်း(၄)မှပြောင်းရွှေ့နေရာချထားခံရသောမိသားစုများနှင့်အတူ၎င်းတို့၏အနာဂတ်မျှော်မှန်းချက်များအတွက်ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခဲ့ကြပါသည်။

## IRP consultation workshop with Zone B phase 4 PAPs on 26th December 2020





On 26th December 2020, IRP consultation workshops were held with Zone B phase 4 physically affected households and to be relocated households at Aye Mya Thida ward, Kyauktan Township by following the guidelines of Ministry of Health and Sport (MOHS). JICA Expert Team (JET) and family members from Zone B Phase 4 PAHs attended the workshops. The awareness of IRP main activities including the series of consultation meetings with PAPs, technical supports, vulnerable people program, follows up and conducting the monitoring were explained. After that, the individual group discussion was made with the resettled PAPs to know the current living conditions and their future visions.

## သီလဝါအထူးစီးပွားရေးဇုန်(ဘီ)မှအားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ် (၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ ၊ ၂၉ရက်)



၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၉ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏နည်းပညာကူညီမှုဖြင့်ဇုန်ဘီအပိုင်း၁+၂၊၃နှင့်၄ရှိစီမံကိန်းကြောင့်ထိခိုက်ခံရသောအိမ်ထောင်စုများထဲမှအားနည်းသောအိမ်ထောင်စုများဟုသက်မှတ်ထားသည့်သက်ကြီးရွယ်အိုများ၊မသန်စွမ်းများဦးဆောင်/နေထိုင်သည့်အိမ်ထောင်စုများနှင့်အမျိုးသမီးများဦးဆောင်သောအိမ်ထောင်စု(၄၄)စုမှမိသားစုဝင်စုစုပေါင်း(၉၈)ဦးတို့အားအခြေခံစားသောက်ကုန်များဖြစ်သောဆန်နှင့်ဆီကိုကျောက်တန်းမြို့နယ်၊အေးမြသီတာရပ်ကွက်နှင့်ဇုန်ဘီပြန်လည်နေရာချထားရေးနေရာတို့၌ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက်များအားလိုက်နာကာအသီးသီးထောက်ပံ့ပေးခဲ့ပါသည်။

## Vulnerable People Program for Zone B PAHs was provided on 29th December 2020



On 29th November 2020, TSMC has provided rice and cooking oils with the technical assistance of the JICA Expert Team (JET) to 98 family members from 44 vulnerable households of Thilawa SEZ Zone B phase 1+2, 3, and 4 project-affected households by targeting the elderly, woman-headed and people with disabilities, at Zone B relocation site and Aye Mya Thida ward, Kyauktan township. JET follows the guidelines of Ministry of Health and Sports (MOHS) and practice the social distancing while carrying this program.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649